

# ယဉ်ကျေးမှု

ရ သ အ က် ဆေး များ

## "စာရေးသူ၏ အမှာ "

Culture "ကားလ်ချား" ကို "**ယဉ်ကျေးမှု**" လို့ အနက်ယူကြသလို "ပျိုး ထောင် " "မွေး မြူ ခြင်း " စတဲ့ သဘောသက်ရောက်မှုတွေအနေနဲ့ လည်း သုံးနှုန်းကြပါတယ်။

ဒါ့အပြင် "ကားလ်ချား" ဆိုတာ နိုင်ငံအလိုက်၊ လူမျိုးအလိုက်၊ မိသားစုအလိုက် စသည် ဖြင့် လူ့ပတ်ဝန်းကျင်မှာ အများ စု လက်ခံ ကျင့်သုံးကြတဲ့ "**ဓလေ့စရိုက်**" လို့ ပြောရင်လည်း ရပါတယ်။ ဒါကြောင့် လည်း ကျွန်တော်နေထိုင်ဖူးတဲ့ ၊ ကျွန်တော်တွေ့ကြုံဖူးတဲ့ ပတ်ဝန်းကျင် တွေမှာ ဖြစ်ပေါ်ရှင်သန်တဲ့ "ဓလေ့စရိုက်" တွေကို ကျွန်တော့်ရင်ထဲ ထိ ထိရှရှဖြစ်ပေါ်လာသမျှ၊ ပေါ့ပေါ့ပါးပါးနဲ့ ပဲ "**ရသအက်ဆေးလေး**" တွေ ချရေး ဖြစ်လာပါသည် ။

ပေါ့ပေါ့ပါးပါး ဆိုလိုက်ရပေမယ့် ဒီ "ကားလ်ချား" လေးတွေဟာ အမှန်တကယ်ဖြစ်နေတဲ့ ၊ အမှန်တကယ်ဖြစ်ခဲ့တဲ့ ကိစ္စလေးတွေဖြစ်လေ တော့ ကာ "**မကောင်းတာလေးတွေပယ်**"၊ "**ကောင်းတာလေးတွေသယ်**" ကြဖို့ အားထုတ်ပြုပြင်လိုက်နာကြရင်ဖြင့် ကျွန်တော်တို့ "**လူ့ပတ်ဝန်းကျင်**" လှပသာယာနေတော့မှာ ပါ။

အင်္ဂလိပ်ပညာရှင်တစ်ဦးက ဆိုပါတယ်။ "လူတစ်ယောက်မှာ ကျောင်းပညာတွေ တတ်ပြီးမှ ၊ အားလုံးမေ့သွားတယ်ဆိုရင်တောင်၊ 'ကားလ်ချား' ကတော့ ကျန်ရစ်လိမ့်မယ်" လို့ဖြစ်ပါတယ်။ "**ကားလ်ချား**

**ကိစ္စ**" သိပ်အရေးကြီးတယ်လို့ ကျွန်တော်ကတော့ ခံယူပါတယ်။

လေးစားစွာ

**ဆူးသစ်နီ**



သစ္စာနီ၊ သရဝဏ်၊ ဆူးသစ်နီ၊ ကိုဆွေ၊ ငှအိမ်ထက်မြက်၊ မောင်စိမ်းနီ

## "တစ်သီးပုဂ္ဂရင်ခုန်သံ အက်ဆေးနှင့် ထိုလူ"

(၁)

အက်အေး 'Essay' ကို ကျွန်တော်စတင်သိခဲ့ရသည် မှာ စာသင်ခန်းထဲတွင် ဖြစ်သည် ။ 'စာစီစာကုံး' ဟု ခေါ်သည် ။ ဆရာတွေက စာစီစာကုံး (အက်ဆေး)ရေးရာတွင် နိဒါန်း၊ စာကိုယ်နှင့် နိဂုံးဟူသော အချက်သုံးချက်နှင့် ပြည့်စုံရမည်ဟု သင်ကြားပို့ချခဲ့ကြသည် ။ စာပေလောကထဲတွင် ဝင်စတွင် နာမည်ကျော်ဆရာကြီးများ ၏ "စိတ်ပင်လယ်"၊ "ကံ့ကော်မြိုင်" စသော အက်ဆေးစာအုပ်များ နှင့် တွေ့ကြုံရသည် ။ သူတို့ က 'စာတန်း'ဟု အမည်ပေးသည် ။ (တမ်းနှင့်တန်း) ဘယ်ဟာဖြစ်သင့်သည် ဟု ငြင်းခုံခဲ့ကြသေးသည် ။) ယင်းမှာ ကျွန်တော့်အဖို့ တော့ စာပေပုံ သဏ္ဍာန်အသစ်တစ်ခု။ သို့သော် လူကြိုက်နည်းကာ အသုံးမတွင် ကျယ်လှ။ 'အက်ဆေးဆရာ' ဟု ခေါ်လောက်အောင် စွဲစွဲမြဲမြဲ ရေးသူလည်း မရှိ။

နောက်တော့ အက်ဆေးကို 'အစမ်းစာ' ဟု ခေါ်ကြပြန်သည် ။

သို့သော် အာတွေ့ကြဟန်မတူ။ ခုတော့ 'ရသစာတမ်း' ဟု အမည်သစ်ပြု ကြပြန်၏။ ကျွန်တော်ကတော့ 'အက်ဆေး' ဟူသော အသုံးအနှုန်းကိုပင် သဘောကျချင်သလိုဖြစ်နေသည် ။ ယခုနှစ် အနည်းငယ်အတွင်း မဂ္ဂဇင်း၊ ဂျာနယ်အချို့၌ 'အက်ဆေး'ကို အခန်းကဏ္ဍတစ်ခုအဖြစ် နေရာ ပေးလာသဖြင့် အက်ဆေးရေးသူတွေလည်း တိုးပွားလာသည် ။ ကျွန်တော်က ဝတ္ထုဟု ရေးပေးလိုက်သော စာမူကို 'အက်ဆေး' ဟု အယ်ဒီတာများ ဟာ အမည်တပ်ထည့်လိုက်တာ ကြုံရသည် ။ တစ်ခါတစ်ရံ ကျွန်တော်က ရေးချင်တာရေး၍ (ဆောင်းပါးမကျ၊ ဝတ္ထုမကျ) 'အက်ဆေး' ဟု အမည်တပ်လွှတ်လိုက်တာလည်း ရှိ၏။ တကယ်တော့ ဆောင်းပါးနှင့် အက်ဆေးမှာ ဒင်္ဂါးပြားတစ်ခု၏ ဘက်နှစ်ဖက်လို နီးစပ်လှသည် ။ ဆောင်းပါးက သုတသက်သက် အက်ဆေးကတော့ ရသဟန် စွက်သည် ဟု ယေဘုယျသတ်မှတ်နိုင်၏။ သို့သော် ခေတ်သစ်မှာ တော့ အက်ဆေးလည်း နည်းဟောင်း၊ စံဟောင်း၊ ဥပဒေဟောင်း၊ တန်ဖိုးဟောင်းများ ပြောင်းလဲသွားသည် ။ 'ဝတ္ထု' 'ဆောင်းပါး' 'အက်ဆေး' ဆိုသော အရာများ အကြားမှ ဟွာဟချက်များမှာ လည်း ပါးလျပျက်ပြယ်ကုန်သည် ။

(၂)

တကယ်တော့ 'အက်ဆေး' ဆိုတာ အနောက်တိုင်းစာပေပုံသဏ္ဌာန် တစ်ခု ဖြစ်သည် ။ ဂရိခေတ်ကပင် စသည် ။ လက်တင်အရေးအသား များ တွင် (ဥပမာ. . . ပလူတပ်) အက်ဆေးစာပေပုံသဏ္ဌာန်တွေ့ရသည် ဟု ပညာရှင်အချို့က အကဲဖြတ်သည် ။ အငြင်းမပွားနိုင်ဖွယ် အများ လက်ခံနိုင်သော အချက်မှာ 'အက်ဆေး' သည် ပြင်သစ်နှင့်အင်္ဂလန်မှ စခဲ့သည် ဆိုသော အချက် ဖြစ်၏။ ရီနေးဆန်းခေတ် ပြင်သစ်မှ မွန်ထိန်း၏ Montaigne Essais (၁၅၈၈)ကို အစောဆုံးအက်ဆေးစာအုပ်ဟု

ခေါ်နိုင်၏။ နောက်တော့ ဘေကွန်၊ ရှောဘတ်လူးဝစ္စစတီဗင်ဆင်၊ ဂျော့ အော် ဝဲလ်၊ အီမာဆင်း။ အက်ဆေးရေးသူတွေမှာ ဒဿနဆရာ၊ သိပ္ပံပညာရှင်၊ လူမှုပြုပြင်ရေးသမား၊ နိုင်ငံရေးခေါင်းဆောင်၊ စာရေးဆရာ၊ ကဗျာ ဆရာ စသဖြင့် လူစုံလင်သလောက် အက်ဆေး လည်း အမျိုးအမည်မြားမြောင်လာသည် ။

ဥပမာ. . . ဟိုးဒါးလင်း၊ နစ်ရှေးတို့ ၏ ဒဿနအက်ဆေးများ တီအ က်စ်အဲလိယော့၊ ဗာဂျီနီယာဝုဖ်တို့ ၏ ဩဇာကြီးမားသည့် စာပေအက် ဆေးများ ၊ ရိုလန်ဘာသမ်၏ အတ္တုပ္ပတ္တိတစ်ပိုင်းအက်ဆေးများ ၊ ကမူး၊ ဒီဗိုဗွား၊ သောမတ်မန်း၊ အော်ဒင် ထို့နောက် ခေတ်ပြိုင်ဟု ဆိုနိုင်သည့် ဆူဆမ်ဆွန်တက်၊ နော်မန်မေးလား၊ တွမ်ဝုဖ်၊ ဘရေ့လိုပက်စ်၊ ဂျိုအန်ဒီ ဒီယွန်၊ စတတ်ဖင်ဂျေးတို့ ၏ အက်ဆေးများ ။ Essay ဆိုတာ Style of writing တစ်ခုပင်။ ကျွန်တော်သည် Time မဂ္ဂဇင်းမှ အက်ဆေးများကို အင်မတန်သဘောကျသည် ။ ဖတ်ကာ စုသိမ်းထားသည် ။ အဆင့်အတန်းမြင့်၍ ဖတ်ရှုနိုင်ရန်ခက်ခဲသည် ။ 'ထက်အောင်' အပါအဝင် ဘာသာပြန်သူတချို့ကြောင့် တချို့ကို မြန်မာလိုဖတ်ရှုနိုင် လေသည် ။

(၃)

'ဆူးသစ်နီ ' သည် ဧည့်လမ်းညွှန်ဖြစ်သည် ။ အင်္ဂလိပ်စာပြဆရာ လည်း ဖြစ်သည် ။ ကဗျာဆရာလည်း ဖြစ်သည် ။ ပန်းချီဆရာလည်း ဖြစ်သည် ။ ယခု အက်ဆေးဆရာလည်း ဖြစ်သည် ဟု ဆိုနိုင်သည် ။ သူ သည် အနုပညာလောဘ အလွန်ကြီးသူဖြစ်ပုံရ၏။

'အက်ဆေး' အမျိုးအစားများ စွာရှိသည့်အထဲမှ သူ့အက်ဆေးများကို သူ့အတွေ့အကြုံက ထုတ်ယူဆင်ခြင်ထားသော 'လူမှုပြုပြင်ရေး အတွေး

အမြင်အက်ဆေး' များ ဟု ဆိုကောင်းဆိုနိုင်သည် ။ ထူးခြားချက်ကား သူ့အတွေးအမြင်များ သည် အကောင်းမြင်ဝါဒဘက် ယိမ်းညွတ်နေသဖြင့် သူ့အက်ဆေးများ ဖတ်ရတာ လှပ၍ စိတ်နှလုံးအေးချမ်းဖွယ်ရှိနေခြင်းဖြစ်သည် ။ 'အက်ဆေး' အဖြစ်ထက် 'ဝတ္ထုတို' အဖြစ် ရေးဖွဲ့လိုက်လျှင် ပိုကောင်းလေမလားဟု ကျွန်တော့်ဘာသာ အတွေးပွားမိသော အပုဒ်များ လည်း ရှိ၏။ (ဥပမာ. . . ချစ်ခြင်းယဉ်ကျေးမှု)။ အက်ဆေးတချို့ပါ အယူအဆတချို့ကို စာဖတ်သူတချို့အနေဖြင့် ဘဝင်မကျဖြစ်ကောင်း ဖြစ်နိုင်ပါသည် ။ ထိုသို့ ဆိုသော် 'The eassy is the voice of the individual' ဆိုသော စကားကို ထောက်ချင့်၍ နားလည်ပေးစေလိုပါသည် ။

လေးစားလျက်

သစ္စာနီ

(အောက်တိုဘာ၊ ၂၀၁၀)